ခနိချောင်းကျေးရွာ

လပွတ္တာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

## (၂၀၂၂-၂၀၂၆)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ခနိချောင်းကျေးရွာ၊ လပွတ္တာမြို့နယ်

( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )



၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စကားချီး

ခနိချောင်းကျေးရွာ သယံဇာတပြမြေပုံ

ခနိချောင်းကျေးရွာ ရာသီခွင်ပြမြေပုံ

ခနိချောင်းကျေးရွာ( Venn Diagram) အဖွဲ့အစည်းပြမြေပုံ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ)    စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁)   ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂)   ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃)   ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံသာမကာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုး တက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်း စစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြု ဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါ သည်။

စက်တင်ဘာလ၊ ၂၀၂၂ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ခနိချောင်းကျေးရွာ

လပွတ္တာမြို့နယ်



လယ်ကွင်း
အိမ်
စေတီ

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | Δ | ΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔ | ΔΔ | ΔΔΔ | ΔΔΔ | ΔΔ | – | – |
| မိသားစုဝင်ငွေ | Δ | ΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔ | ΔΔ | ΔΔΔ | ΔΔΔ | ΔΔ | – | – |
| အသုံးစရိတ် | Δ | Δ | ΔΔ | ΔΔΔ | ΔΔΔ | Δ | Δ | ΔΔΔ | ΔΔΔ | Δ | Δ | Δ |
| ချေးငွေ လိုအပ်မှု | Δ | Δ | ΔΔ | ΔΔΔ | ΔΔΔ | Δ | ΔΔ | ΔΔΔ | ΔΔΔ | Δ | – | – |
| ဝင်ငွေရရှိမှု | ΔΔ | – | – | – | – | – | – | ΔΔΔ | ΔΔΔ | – | – | – |
| ကျန်းမာရေး ထိခိုက်မှု | ΔΔ | ΔΔ | ΔΔ | Δ | Δ | ΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔ | ΔΔ | Δ |
| ကောက်ပဲ ရိတ်သိမ်းမှု | Δ | ΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔ | Δ | Δ |
| ကျန်းမာရေး ဂရုစိုက်မှု | ΔΔΔ | ΔΔ | Δ | – | – | – | – | – | – | – | ΔΔΔ | ΔΔΔ |
| ကျောင်းသား ပညာရေး အသုံးစရိတ် | ΔΔ | ΔΔ | ΔΔ | ΔΔΔ | ΔΔΔ | Δ | Δ | Δ | ΔΔ | ΔΔ | ΔΔ | ΔΔ |
| သီးနှံ ပိုးမွှား ကျရောက်မှု | – | ΔΔ | ΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔ | ΔΔ | ΔΔ | – | – |
| ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | – | ဝါဆို | – | – | သီတင်းကျွတ် | ကထိန် | – | – | – | – |
| သဘာဝဘေး အန္တရာယ် ကျရောက်မှု | Δ | – | – | ΔΔ | ΔΔ | – | – | – | – | – | Δ | Δ |
| ရာသီဥတု | – | ☁ | 🌧🌧 | 🌧🌧🌧 | 🌧🌧🌧 | 🌧🌧 | 🌧 | 🌧 | ☀ | 🌧 | ☀ | ☀ |

| | |
|---|---|
| Δ | နည်း |
| ΔΔ | အသင့်အတင့် |
| ΔΔΔ | အများဆုံး |
| ☀ | နေပူ |
| ☁ | တိမ်ထူ |
| 🌧🌧 | မိုးအသင့်အတင့် |
| 🌧🌧🌧 | မိုးများ |



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ခနိချောင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊လပွတ္တာမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ ခနိချောင်းကျေးရွာ၏ရွာတွင်းလမ်းမှာများသောအားဖြင့် ချောင်းဝပိုင်းမှ ရွာလယ် လမ်းပိုင်းထိ အုပ်ညှပ်သဲလောင်းထားပြီး ကျန်လမ်းပိုင်းများမှာ သဲအိတ်များဖြင့် ခင်း၍ သွားကြပါသည်။ စုစုပေါင်းလမ်းအရှည်မှာ(၂၃၉၀)ပေရှိပါသည်။ကျေးရွာ၏အရှေ့ဘက်တွင် ဘိတ္တတ်ကျေးရွာရှိပြီး ပြန်မမလောမြစ်ကိုဖြတ်၍သွားရပါသည်။ ပြန်မလောမြစ်ဘေးတွင်ရှိသော ကြောင့် ဒီရေ တောများကို ပြန်လည်တည်ထောင်ရပါသည်။ နှစ်စဉ်ရေကြီးခြင်းဒဏ်ကိုကြုံ တွေ့ရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့်ငါးသလောက်ပိုက်ချခြင်းတို့ဖြင့် စီးပွားရှာရပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ (၈၀)ခန့်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ နေပူချိန် (၃၂ °C) အထက်ရရှိသည်။ ကျေးရွာတွင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် နေပူရှိန်ပူပြင်း၍ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင်မိုးများသောကြောင့်မိုးရေကောင်းစွာရရှိပါသည်။ ကျေးရွာတွင်လယ်သမားများနှင့်လယ်လုပ်သားများ၊အချို့မှာငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ကျန်အိမ်ထောင်စုများမှာ လက်လုပ်လက်စားများဖြစ်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး ဧကပေါင်း (၈၁၃.၁၃)ဧကရှိ၍ စိုက်ပျိုးမြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်သော်လည်း ဓာတု မြေဩဇာ သုံးစွဲမှသာလျှင် စပါးထွက်နှုန်းကောင်းမွန်ပါသည်။ ထိုကဲ့သို့ စပါး အထွက် နှုန်းကောင်း မွန်ရန်အတွက် နှစ်စဉ်ဓာတုမြေဩဇာများသုံးစွဲမှုကြောင့် ယခုအခါ ဒေသမျိုး ရင်းဖြစ်သော ပေါ်ဆန် (စပါး)များမှာအရည်အသွေးများ ကျဆင်းလာသည် ကို လယ်သမား များကြုံတွေ့ခံစား လာရပါသည်။ ၎င်းသက်ရောက်မှုကြောင့်စပါးဈေးနှုန်းများကျဆင်း၍ လယ်သမား များ သွင်း အားစု များမြင့်တက်၍အကျိုးအမြတ်နည်းပါကြောင်းတွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသား (၁၁)ဦးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီတွင် အမျိုးသား (၅)ဦးနှင့် အမျိုးသမီး (၂)ဦး သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်း အကျိုးတော်ဆောင်အဖွဲ့တွင် အမျိုးသား (၄)ဦး၊ အမျိုးသမီး (၃)ဦးတို့ရှိပြီး ရွာရှိ စာသင်ကျောင်းတွင် ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက် အောင်ဆောင်ရွက် လျှက်ရှိပါသည်။ ဂေါပကအဖွဲ့တွင် အမျိုးသား (၉)ဦး၊ အမျိုးသမီး (၇)ဦးရှိပြီး ကျေးရွာဘုန်း တော်ကြီးကျောင်းတွင် ဘာသာရေးနှင့်တရားဓမ္မလုပ်ငန်းများ ပြန့်ပွားအောင်ဆောင် ရွက်လျှက်ရှိပါ သည်။

အမျိုးသမီးရေးရာအဖွဲ့တွင်အမျိုးသမီး(၅)ဦး ရှိပြီးကိုယ်ဝန်ဆောင် မိခင်များနှင့်ကလေးငယ်များကျန်းမာရေး ကိစ္စများကို ဆောင်ရွက်ပေးပါသည်။ကျေးရွာတွင် ပြည်သူ့စစ်၊ မီးသတ်အဖွဲ့တွင် အမျိုးသား (၁၀)ဦး ရှိပြီး ကျေးရွာ၏ တည်ငြိမ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများတွင် အုပ်ချုပ်ရေးပိုင်း နှင့်တွဲလျှက် ကူညီလုပ်ဆောင် ပေးလျှက်ရှိကြပါသည်။ ကျေးရွာတွင်အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ဆိုင် သောဘာသာရေး။ နာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြသော လူငယ်အဖွဲ့၊ပရဟိတအဖွဲ့၊ဘာသာရေးဆိုင်ရာအဖွဲ့၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့မှာ ဆောင်ရွက်မှု အားကောင်း ကြောင်းတွေ့ရှိရ ပါသည်။ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သတ်၍ ကျောင်းကော်မတီအဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ကျေးရွာတွင်၊ သာရေး၊နာရေးလူမှုရေး ကိစ္စကြီး ငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာဝိုင်း ဝန်းဆောင်ရွက်သော အလေ့အကျင့် ကောင်းများရှိပါသည်။

ခနိချောင်းကျေးရွာ၏ ပြင်ပအဖွဲ့အစည်းများအနေဖြင့် Pact Myanmar မှ အိမ်ထောင်စုရှိ အမျိုးသမီးများ အား အသေးစား ငွေစု/ငွေချေးလုပ်ငန်းများအား ဆောင်ရွက် ပေးပါသည်။ ထိုအဖွဲ့အစည်းမှ စိုက်ပျိုး ရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် စက်မှုလုပ်ငန်း ချေးငွေ စသောခေါင်းစဉ်များ ဖြင့် ချေးယူသုံးစွဲကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ခနိချောင်းကျေးရွာတွင် (၅)ကေမှ(၇၀)ကေကြားတောင်သူ(၁၄)ဦးသာရှိပြီး အဓိကအားဖြင့် စပါးနှင့်သီးနှံအနည်းငယ်စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ အဓိကဝင်ငွေမှာလယ်ယာစိုက်ပျိုးရေးနှင့်ရေလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာအရည်အသွေးအားဖြင့် အသင့်အတင့်ရှိသောကျေးရွာ ဖြစ်၍ စိုက်ပျိုးလယ်ကေပိုင်ဆိုင်မှုမှာ(၃၂၃.၃)ကေရှိပါသည်။

ခနိချောင်းကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စုမှာ(၁၄)ဦးသာရှိပြီး မြေကေပိုင်ဆိုင်မှုမှာ အနည်းဆုံး(၂)ကေမှအများဆုံးကေ(၁၂)ဦးထိပိုင်ဆိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စု(၄၆)ခန့်ရှိပြီး ၎င်းတို့မှာ နေ့စားကျပန်းရေလုပ်ငန်းအရောင်းအဝယ်နှင့်ပြည်တွင်းမှ လုပ်ကိုင်ကြ သည်ကို တွေ့ရပါသည်။ကျေးရွာ၏စပါးစိုက်ကေ(၈၁၃.၁၃)ကေအားလုံးအတွက် ရေအရင်းအမြစ်ကို ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးထားသောပတ်တာအတွင်းမိုးရေခံ၍ရေလွှဲရေတံခါးမှ အလျော့ အတင်းပြုလုပ်၍သုံးစွဲပါသည်။၎င်းပတ်တာအတွင်းရှိ ရေအရင်းအမြစ်များသည် မိုးရာသီကုန် ဆုံးချိန်မှ နွေစပါးစိုက်ပျိုးမရရှိဘဲ မိုးစပါးတစ်မျိုးသာစိုက်ပျိုးရပါသည်။

ထို့ကြောင့် ခနိချောင်းကျေးရွာပိုင် လယ်မြေများတွင် စပါးတစ်မျိုးတည်းသာ အဓိက စိုက်ပျိုးနိုင်ပြီး စပါးအထွက်နှုန်းမှာလည်းနှစ်စဉ် ရာသီဥတုပေါ်မူတည်၍ အထွက်နှုန်း မတူညီပေ။ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း (၅၀)ခန့်သာထွက်ရှိပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေး ကိရိယာပိုင်ဆိုင်မှုအခြေအနေများမှာ လက်တွန်းထွန်စက် (၁၀)စီးနှင့် ခွဲလှေ့စက် (၅)စီးတို့သာ ပိုင်ဆိုင်မှုရှိကြပြီး လယ်သမားအများစုမှာ စိုက်ပျိုးရေးသုံးပစ္စည်းများကို ငှားရမ်းအသုံး ပြုကြရ ပါသည်။

ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပိုင်ဆိုင်မှုအခြေအနေမှာ ရေလုပ်ငန်းလုပ်ကိုင်ရာတွင် လှေ (၁၉) စင်း၊စက်တပ်လှေ (၁၈)စီးရှိပြီး သက်မွေးဝမ်းကြောင်းမှုပြုကြပါသည်။ ကျေးရွာရှိ အမျိုးသမီးအများစု သည် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ကြက်၊ဝက်၊ဘဲ တို့ကို တစ်ပိုင်၊ တစ်နိုင် မွေးမြူကြပါသည်။ အချို့မှာ ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းသူများရှိသကဲ့သို့ ဈေးဆိုင်ငယ်များ၊ စက်ချုပ်လုပ်ငန်းများ လုပ်ကိုင်ပြီး ဝင်ငွေရှာဖွေကြပါသည်။ အစိုးရဝန်ထမ်း လုပ်သူများ ရှိသကဲ့သို့ အချို့သူများမှာ ရန်ကုန်၊ ဝင်ငွေရရှိရန် ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်သူများလည်း ရှိကြ ပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက် အလုပ်လုပ်ကိုင်ပြီး ဝင်ငွေရှာဖွေကြသူအနည်းငယ်ရှိကြောင်း လည်း တွေ့ရှိရပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်အိမ်ထောင်စု(၁၇၀)ရှိပြီး ကြက်ကောင်ရေ (၁၂၀)၊ ဘဲ(၁၅၀)ကောင်နှင့်ဝက်(၁၅) ကောင်တို့တစ်နိုင်တစ်ပိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။ချောင်းမြောင်းများတွင် ငါးဖမ်းခြင်း၊ ဂဏန်းထောင်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ကိုင်သူများလည်းရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ခနိချောင်းကျေးရွာသည် တစ်ပိုင်တစ်နိုင် ဈေးဆိုင်ငယ်များဖြင့် အရောင်းအဝယ် လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်စိုက်ပျိုး မွေးမြူရေးမဟုတ်သော အခြားဝင် ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများသည် အသေးစားနှင့် စက်မှုလက်မှု လုပ်ငန်းများ မရှိသဖြင့် ရာသီအလိုက် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြရသဖြင့် မိသားစုဝင်ငွေနည်းပါးခြင်းတို့ကြောင့် လယ်ယာမဲ့လက်လုပ်လက်စား မိသားစုအများစုမှာ စီးပွားရေးကျပ်တည်းမှု များရှိပါသည်။ ရောင်းချရေး ဝန်ဆောင်မှုအရ ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဒေသထွက်ကုန်ရှားပါးလာခြင်း ဈေးနှုန်းမတည်ငြိမ်မှုများကြောင့်လည်း အိမ်ထောင်စု အများစုတို့မှာ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြရပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေရေးကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၀၀၀၀၀)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ ပုဂ္ဂလိက ငွေကြေးအဖွဲ့အစည်းအနေဖြင့် Pact Myanmar အသေးစားချေးငွေအဖွဲ့ အစည်းအနေဖြင့် ကျေးရွာရှိအမျိုးသမီးအဖွဲ့များသို့ ချေးငွေများထုတ်ချေး လျှက်ရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင်းတွင် ချေးငွေလို အပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများသည် (၃ ကျပ်တိုးနှုန်းမှ ၁၀ ကျပ်တိုးနှုန်း)အထိ တိုးယူကြရကြောင်းတွေ့ရပါသည်။

အစိုးရ၏ လုံလောက်သော ချေးငွေကို အချိန်မှီမရခြင်း ကာလတိုချေးငွေဖြစ်နေခြင်းတို့ကြောင့် ပုဂ္ဂလိကချေးငွေများဖြစ်သည့်အတွက် စပါးဈေးမြင့်သော ဇွန်လ၊ ဇူလိုင်လအထိ သိုလှောင်မထားနိုင်ဘဲ စောလျှင်စွာ ရောင်းချကြ၍ ချေးငွေပြဿနာများကို ဖြေရှင်းကြရပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိပ်ခံတံတားမှာ ဝါးတံတားဖြစ်ပြီး ရွာတွင်းဝါးတံတားကျေးရွာသူ ကျေးရွာသားများဆောက်လုပ်ထားပြီး အချိန်ကာလအားဖြင့်(၁)နှစ်ခန့်ရှိပါသည်။ ကျေးရွာသည်ပြန်မလောမြစ်ဘေးတွင်ရှိသောကြောင့်မြစ်ကြောင်း အသုံးပြုခြင်းအားဖြင့်ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးအဖြစ် စက်လှေများ သဘောများဖြင့်နီးစပ်ရာမြို့ကြီးများသို့ တင်ပို့ခြင်းတစ်နှစ်ပတ် လုံးလုပ်ကိုင်ကြပါသည်။

သယ်ယူပို့ဆောင်ရေးအတွက်ရေလမ်းကြောင်းကိုအသုံးပြုရပြီး သယ်ယူပို့ဆောင်ရေးယာဉ်အသုံးပြုမှုမှာ လှေ(၁၂၅)စင်း၊ စက်လှေ(၄)စင်းရှိပါသည်။ ကျေးရွာတွင်သောက်သုံးရေ အနေဖြင့်မြေသားရေကန်ကိုအဓိကထားပြီးသုံးစွဲနေရပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ရန် တိရစ္ဆာန်အစားမွေးမြူနိုင်သောမြေနေရာရောင်းချရန်ဈေးကွက်နှင့် အခြားဈေးကွက်ရောင်းချနိုင်မှုအခြေအနေမှာ အသင့်အတင့်ကောင်းမွန်လွယ်ကူသည့် အနေအထားတွင်ရှိ သော်လည်း ကုန်ကျစရိတ်နှင့်အသား ဈေးမှာစီးပွားရေးအရ တွက်ချက်ကိုက်ညီမှု မရှိသော ကြောင့်တစ်နိုင်တစ်ပိုင် မွေးမြူရေး

အဆင့်သာ ရှိပါသည်။ပြန်မလောမြစ်ဘေးတွင်တည်ရှိသောကြောင့် လပွတ္တာမြို့သို့ လိုင်းသဘော်များ ဖြင့်သွားလာနေကြရပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ခနိချောင်းကျေးရွာသည် မဟာဓါတ်အားလိုင်းမရရှိသေးကြောင့် အိမ်ထောင်စုအများစုမှာ ပုဂ္ဂလိကအင်ဂျင်မီးကိုသာ အသုံးပြုကြရပါသည်။ ပုဂ္ဂလိကမီးစက်မှာညနေ၆နာရီမှ ည၁၀နာရီထိ သာရပါသည်။ထိုကြောင့်တီဗွီကြည့်ခြင်း၊ မီးထွန်းလောက်သာအသုံးပြုရပြီး ချက်ပြုတ်ရေးအတွက် လုပ်ငန်းတွင် ထင်းမီးနှင့်မီးသွေးကိုလောင်စာအဖြစ်အသုံးပြုရပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ခနိချောင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၃၇)လုံး၊ တိဗွီ (၁၀)လုံးစသည့်တို့ရှိသည့်အတွက်ဆက်သွယ်ရေးဆိုင်ရာ သတင်းအချက် အလက်များကို နေ့စဉ် ဆက်သွယ်စောင့်ကြည့်ပြီး ရယူကြပါသည်။ ထို့ကြောင့် ဆက်သွယ်ရေး ကဏ္ဍအနေဖြင့် အတန်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။

## ၆။ ပညာရေး

ခနိချောင်းကျေးရွာ၏ ပညာရေးအဆင့်အတန်းသည့်အတင့် အသင့်ရှိပါသည်။ ကျောင်းသား/ သူ မူလတန်းအဆင့်တွင်(၁၇၀)ဦးနှင့်အလယ်တန်း အဆင့်တွင်(၁၀)ဦး၊ အထက်တန်း ဆင့်တွင် (၇)ဦး ရှိပါသည်။တက္ကသိုလ်/ကောလိပ်ပညာရေး အားပုသိမ်မြို့သို့သွား ရောက်တက် ရပါ သည်။ ခနိချောင်းကျေးရွာ၏ကျောင်းတက်နှုန်းမှာ မူလတန်းအဆင့်နှင့်မူလွန် အဆင့်သို့သာရှိပြီး ကျောင်း နေရွယ်ကလေးများ၏ ကျောင်းတက်မှုနှုန်းမှာ တိုးတက်ကောင်း မွန်ကြောင်းတွေ့ရပါ သည်။ ခနိချောင်းကျေးရွာ၏ စာတတ်မြောက်မှုသုံးသပ်ပါက(၉၅%) ခန့်တက်မြောက်ကြောင်းတွေ့ ရှိရပါ သည်။

ကျောင်းသုံးစာအုပ်နှင့်ကျောင်းသုံးကိရိယာသုံးစွဲနိုင်မှုအသင့်အတင့်ရှိပါသည်။ကျေးရွာ၏ရပ်မရပ်ဖ များအဖွဲ့များ ကျောင်းသားမိဘများ၏ပညာရေးအားပေးအားမြောက်မှုရှိခြင်းတို့ကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေမှာစာတတ်မြောက်မှုကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ခနိချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ကျေးလက်ကျန်းမာရေးဌာန ခွဲမရှိသောကြောင့် ဘီတွတ်ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ပြသခြင်း

ပြုလုပ်ကြရပြီး အရေးပေါ်ဖြစ်ပေါ်လာပါက လပွတ္တာမြို့(၃)မိုင်ဆေးရုံးသို့ပို့ ဆောင်ကြရပါသည်။ ထို့သို့ပို့ဆောင်ရာတွင် ကျေးရွာရှိစက်လှေပိုင်ရှင်များမှအသနားခံပြီး အကူအညီတောင်းကြရပါသည်။ ထိုကြောင့် အရေးပေါ်လူနာများအတွက် အရေးပေါ်ယာဉ် လိုအပ်လျှက်ရှိပါသည်။ကျေးရွာတွင်းရှိ ကလေးမိခင်များအား လစဉ်အလိုက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း၊ ကိုဗစ်ကာကွယ်ဆေး များကို အသက်အရွယ်ပိုင်းခြားအလိုက်ထိုးနှံပေးလျှက်ရှိပါသည်။ မိုးရာသီကာလတွင် သွေးလွန် တုတ်ကွေးရောဂါဖြစ်ပွား လေ့ရှိပြီးဆေးရုံဆေးခန်းသို့သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။

သာမန်လူနာများနှင့် သာမန်ရိုးရိုးမွေးလူနာများကိုလည်း ဘီတွတ်ကျန်းမာ ရေးဌာနခွဲတွင် လာရောက်ကုသခြင်း၊ မွေးဖွားခြင်းတို့ကိုလည်း ပြုလုပ်ပေးပါသည်။ အကယ်၍ အရေးပေါ် အခြေ အနေများနှင့် ကြုံရလျှင်လည်း လပွတ္တာမြို့(၃)မိုင် ဆေးရုံသို့ လွှဲပြောင်း ကုသစေခဲ့ ပါသည်။ ထိုသို့ လွှဲပြောင်းပေးရာတွင် ဆေးခန်းပိုင် လူနာလွှဲပြောင်းရန် (သွားရောက်ရန်) ယာဉ်မရှိခြင်း ကြောင့် လူနာ များအတွက် အခက်အခဲများစွာရှိကြောင်းတွေ့ရှိရပါသည်။

ကျေးရွာသူ/သားများအနေနှင့် ကျန်းမာရေးစနစ်တိုးတက်ကောင်းမွန်သော်လည်း ဆင်းရဲသူ မိသားစုများသောကြောင့် အချို့မှာ ကျန်းမာရေးအသိပညာအားနည်းနေသေးကြောင့် လေ့လာ တွေ့ရှိရပါသည်။ အဟာရချို့တဲ့မှုရှိသော ကလေးများမရှိသော်လည်း ကိုယ်ခံအား ချို့တဲ့မှု ကြောင့် မကြာခဏ မကျန်းမာသော ကလေးများကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ရွာသူ/ သားများ အနေနှင့် ကျန်းမာရေး အသိပညာအားနည်းမှုများရှိနေသေးကြောင်း လေ့လာတွေ့ ရှိရပါ သည်။

ခနိချောင်းကျေးရွာသည် အိမ်ထောင်စု (၁၇၀)ရှိပြီး သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲသူဦးရေမှာ (၁၉)ရှိပြီး တွင်းမရှိအိမ်သာ(၂)ခန့်ရှိပါသည်။ ကျန် အိမ်ထောင်စုများမှာ အိမ်သာ ဆောက်လုပ်မှု မရှိကြဘဲ ကြုံသလိုကိစ္စပြီးကြကြောင်း တွေ့ရှိ ရပါ သည်။ ထို့ကြောင့် ကြိ်မ်ချောင်း ကျေးရွာရှိပြည်သူများသည် အိမ်သာနှင့် ပတ်သက်၍ ဗဟုသုတ ရှိသော်လည်း လိုက်နာမှု အသိအား နည်းကြောင်းတွေ့ရှိရပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ကျေးရွာတွင်နှစ်စဉ် မိုးများသောကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုး သဖြင့် ကျေးရွာရှိ လယ်မြေသီးပင်များ ပျက်ဆီးဆုံးရှုံးမှုများရှိပါသည်။ ကျေးရွာရှိ ရွာသူ/ သားများ သည် ဘူးခွံ၊ ပလပ်စတစ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်သည့် အလေ့အကျင့်မရှိသော ကြောင့် လည်း သဘာဝပတ်ဝန်းကျင်ညစ်နွမ်းရခြင်းဖြစ်ပါသည်။

ဓနိချောင်းကျေးရွာသည် ချောင်းကမ်းဘေးတွင်တည်ရှိနေသဖြင့် ချောင်းရေတိုက်စားမှု ကြောင့် မြေများပြိုကျကာ ရွာလမ်းမကြီး ပြိုကျ၊ ပဲ့ကျမှုများ ရှိနေပါသည်။ သို့အတွက်ကြောင့် ထို မြေပြို ကျ သောနေရာအား ရေကာ တိုင်များ စိုက်ထူပြီး သဲမြေဖြန့်ဖို့ခြင်း၊ အမှိုက်များ စွန့်ပစ်ခြင်း တို့ပြုလုပ်ခဲ့ ခြင်းကြောင့် ရွာလမ်းမ မှာ အတော်အသင့်ပြန်လည် ကောင်းမွန်ခဲ့သော်လည်း ရေကြီး ချိန် တွင် ရေရောက်ရှိမှုကြောင့် အမှိုက်များစုပြုံနေခြင်း၊ စွန်ပစ်အမှိုက်များ ကြောင့် ပတ်ဝန်းကျင် ညစ်နွမ်းနေ မှုများရှိနေပါသည်။ လူနေအိမ်များတွင်လည်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်သည့်အလေ့အထနည်းခြင်းတို့ကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကို ညစ်နွမ်းစေသော အကြောင်းတစ်ရပ်ဖြစ် ပါသည်။ သို့ဖြစ်ပါ၍ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးပြီး အမှိုက် များစွန်ပစ်ရန် နည်း လမ်းများ စနစ်တကျစွန့်ပစ်ရန် နေရာ များ ကို ညွှန်ပြပေးခြင်းဖြင့် အမှိုက်များ စနစ်တကျစွန့်ပစ် တက်လာပြီး သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများအား လိုက်နာကျင့်သုံးတက် လာမည်ဖြစ်ပါသည်။

## ၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင်လူဦးရေးအားဖြင့် အမျိုးသား (၃၉၆)ဦး၊ အမျိုးသမီး (၄၄၀)ဦး ရှိပါသည်။ အလုပ် လုပ်နိုင်သည့် လူဦးရေမှာ အမျိုးသား (၂၇၆)ဦး၊ အမျိုးသမီး (၂၉၂)ဦးရှိပါသည်။ ကျား/မ ရေးရာနှင့် ပတ်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်၊ လပြတ် စသည်ဖြင့် ဌားရမ်းလုပ်ကိုင်ကြပါသည်။တစ်ရက်လျှင် လုပ်အားခ အများဆုံးမှာ (၄၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်)အထိ နေ့စားခ ရရှိ၍ အနည်းဆုံးလုပ်အားခ (၃၀၀၀ ကျပ် မှ ၅၀၀၀ ကျပ်)အထိ ရကြပါသည်။ လယ်ယာလုပ်ငန်းခွင်ရာသီတွင်သာ အလုပ်သမားများ လုပ်အား ခ ရရှိကြသော်လည်း ကျန်ရာသီချိန်များတွင် အလုပ်အကိုင်ရှားပါးမှုကြောင့် မြစ်၊ ချောင်း များတွင်း တွင် ပိုက်ထိုး၊ ဂဏ္ဍာန်းထောင် လုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။

အမျိုးသမီးများသည် အိမ်မှုကိစ္စများအပြင် လယ်ယာလုပ်ငန်းခွင်တွင်လည်း စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများဝင်ရောက် လုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးမှုပြီးဆုံးချိန်များတွင်မူ ခေါင်း ရွက်၊ဗျက်ထိုးဈေးရောင်းချခြင်း၊ ဓနိခုတ်ခြင်း၊ အချို့မှာ ပိုက်ထိုး၊ ဂဏ္ဍာန်းထောင်ခြင်းလုပ်ငန်းများကို ယောကျ်ားများနှင့် ရင်ဘောင်တန်း၍ လုပ်ဆောင်ကြပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည်အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်းပြီး အမျိုး သားအများစုသာ ဦးဆောင်ဦးရွက်အုပ်ချုပ်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုး သမီးများ တက်ကြွစွာပူပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊အကြမ်း ဖက်မှု များ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သတ်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှ

သာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိပါ။မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား/မတန်းတူအခွင့်အရေးရှိပါသည်။

**၁၀။ ခနိချောင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | အုတ်ဘောင်စီသဲခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | ချောင်းကူးတံတား | ၂ |
| ၃ | အခြေခံအဆောက်အဦ | ကျောင်းဆောင်သစ် | ၃ |
| ၄ | အခြေခံအဆောက်အဦ | ရေပေးရေး | ၄ |
| ၅ | အခြေခံအဆောက်အဦ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ၅ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

| |
|---|
| **ကျေးရွာ** - ခနိချောင်း<br>**ကျေးရွာအုပ်စု** - **ကက္ကို**<br>**မြို့နယ်** - **လပွတ္တာ**<br>**တိုင်းဒေသကြီး/ပြည်နယ်** - **ဧရာဝတီ** |
| **စီမံချက်အမည် - မြေသားလမ်း (၁၁၀၀'×၈'×၆")အား အုတ်ဘောင်စီသဲခင်း လမ်းအဆင့်သို့မြှင့်တင်ခြင်း** |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**<br>. ယခုလက်ရှိလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့်အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲပါသည်၊<br>. ကျောင်းသား/သူများ အနေဖြင့် လမ်းတွင်ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား/ပြန် အခက်အခဲများရှိနေပါသည်၊<br>. ထိုအပြင် မိုးတွင်းကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်၊ |
| **စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>. မိုးတွင်းကာလ မိုးကြီးသည့်အခါတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များမရှိစေရန်၊<br>. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊<br>. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊ |
| **မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>. အုတ်ဘောင်စီသဲလမ်းခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေလွယ်ကူလာမည်။<br>. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်။<br>. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)** |

| |
|---|
| .ခနိချောင်းကျေးရွာတွင်း မြေသားလမ်း (၁၁၀၀'×၈'×၆'')အား အုတ်ဘောင်စီသဲလမ်းအဆင့်သို့မြှင့်တင်ခြင်း<br>. |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** |

| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| . ၁၀၀၀၀၀၀၀/- (ငွေသား)<br>. ၁၅၀၀၀၀၀/- (ငွေသား) | . ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>. ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | | | | | **ပေါင်း** |
| **ကျေးရွာအဆင့်** | **၁၁၀** | **၁၀၉** | **၂၁၉** | | ၁၅ | | ၄၅ | **၆၀** |
| **အကျိုးခံစားမည့်သူဦးရေ** | **၁၁၀** | **၁၀၉** | **၂၁၉** | | ၁၅ | | ၄၅ | **၆၀** |
| မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**<br>. ခနိချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ<br>. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂)စီမံချက်စတင်မည့် အချိန်ခန့်မှန်း -၁၅-၁၂-၂၀၂၁** |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်- ၃၁-၁-၂၀၂၂** |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-**<br>. ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ ချပြဆွေးနွေးတိုင်ပင်ပါမည်။ |
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**<br>. ခနိချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ<br>. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**<br>. လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် |

အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။

. လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲများ ဆောင်ရွက်ခွင့်ရှိပါက ဆောင်ရွက်သွားပါမည်။

. လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် အစီအစဉ်များရေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

. ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/သား များ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

ခနိချောင်းကျေးရွာ၊ကုက္ကိုကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး

လုပ်ငန်းကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစတင်း | ဦးကျော်အေး | ၁၄/ပစလ(နိုင်)၀၄၀၇၃၄ | ၅၅ | ဥက္ကဋ္ဌ | ၀၉-၆၈၇၄၀၄၄၀၈ |
| ၂ | ဒေါ်အိအိထွေး | ဦးဟန်ကြည် | ၁၄/လပတ(နိုင်)၃၁၆၈၄၀ | ၂၉ | အတွင်းရေးမှူး | ၀၉-၆၅၀၇၆၄၉၅၄ |
| ၃ | ဦးတင့်ဇော် | ဦးစန်းဝင်း | ၁၄/ပစလ(နိုင်)၀၇၂၀၂၄ | ၄၅ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၃၈၀၁၈၇၂ |
| ၄ | ဦးမောင်မောင် | ဦးဟန်မြင့် | ၁၄/လပတ(နိုင်)၀၁၅၀၄၈ | ၅၉ | စာရင်းကိုင် | ၀၉-၆၈၉၂၈၈၄၀၇ |
| ၅ | ဦးဇေယျာဦး | ဦးတင်မြင့် | ၁၄/မမန(နိုင်)၁၇၆၉၁၀ | ၃၉ | အဖွဲ့ဝင် | ၀၉-၉၈၁၄၀၀၇၁၁ |
| ၆ | ဒေါ်မော်မော် | ဦးသောင်းစိန် | | ၄၉ | အဖွဲ့ဝင် | ၀၉- |
| ၇ | ဒေါ်တင်တင်ခိုင် | ဦးတင်လှ | | ၄၇ | အဖွဲ့ဝင် | ၀၉- |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၆ | ၁၀ | ၂၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၃ | ၃၃ | ၇၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၀ | ၅၅ | ၁၀၅ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၉ | ၄၆ | ၁၄၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၇၆ | ၂၉၂ | ၅၆၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၄ | ၁၅ | ၁၁ | ၄ |
| **စုစုပေါင်း** | | **၃၉၆** | **၄၄၀** | **၈၃၆** | **၁၁** | **၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၂၀** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီ အရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)၁၈ နှစ်မ ပြည့်မီ အရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည် မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁ ၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။**။ မနိချောင်းကျေးရွာသည် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိလူဦးရေများသော်လည်း အလုပ်လုပ်ကိုင်အတည်တကျမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် မှိခိုသူများသကဲ့သို့ ဖြစ်နေသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်နေးခြင်းအနေအထား တို့တွေ့ရှိရကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၉ | ၂၄ | ၁ | ၅၅ | ၅၄ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈၉ | ၁၃၇ | | ၄၃ | ၅၅ | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၂၅ | ၁၂၅ | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **၅** | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **၆** | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **၇** | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **၈** | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **၉** | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **၁၀** | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၁၇ | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၂၅ | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | စုစုပေါင်း | ၂၂၀ | ၆၉၆ | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။ ဓနိချောင်းကျေးရွာတွင်ရာသီအလိုက် လုပ်ကိုင်သူလူဦးရေများပြားနေခြင်းကြောင့် အလုပ်လုပ်ကိုင်အခွင့် အလမ်းရရှိမှုနည်းပါးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှောက်နှေးခြင်းတို့ ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါ သည်။**

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | | ၈၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | | ၁၀၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။ ကျေးရွာမှာအလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာနေ့စားလုပ်အားခမှာအသင့်တင့်ရှိပြီးလယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင်အလုပ်အကိုင်ပေါများပြီးလယ်ယာလုပ်ငန်းလုပ်ငန်းပြီးဆုံးချိန်တွင်အလုပ်အကိုင်ရှားပါးပါသည်။**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၅၀၀ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| မနိတောမြေ | ၁၀ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၅၁၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။ ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာအရည်အသွေးဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလဉ်ကေပိုင်ဆိုင်မှုမှာ(၅၀၀)ဧကနှင့် မနိမြေ(၁၀) ဧကရှိပြီး မြေလပ်မ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✔ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| ကျောက်၊သဲ၊ကျောက်စရစ်စ | များ ☐ သင့်☐ နည်း | လွယ် ☐ ခက် ✔ | လျော့ ☐ တိုး ✔ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သည်များ** | ☐မရှိ ✔ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့် ✔ နည်း ☐ မရှိ ✔ | လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့် ✔ နည်း ☐ မရှိ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
